# မြန်မာနိုင်ငံဆိုင်ရာအချက်အလက်များ



## တည်နေရာ

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှကုန်းတွင်းပိုင်းတွင် အကြီးဆုံး တိုင်းပြည်ဖြစ်၍ နယ်မြေဧရိယာ စုစုပေါင်း စတုရန်းကီလိုမီတာ ၆၇၆,၅၇၈ရှိပြီး နယ်မြေအကျယ်အဝန်းအားဖြင့် ပြင်သစ်နှင့် အင်္ဂလန် နှစ်နိုင်ငံပေါင်းခန့်ကျယ်ဝန်းပါသည်။ မြောက်မှတောင်သို့ (၂၂၀၀)ကီလိုမီတာ ရှည်လျားပြီး အရှေ့မှ အနောက်သို့ တိုင်းတာလျှင် အကျယ်ဆုံးအပိုင်းမှာ (၉၂၅)ကီလိုမီတာဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ မြောက်ဖက်နှင့်အရှေ့မြောက်ဖက်တွင်တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အရှေ့ဖက်နှင့် အရှေ့တောင်ဖက်တွင် လာအိုဒီမိုကရက်နိုင်ငံနှင့်ထိုင်းနိုင်ငံ၊ အနောက်ဖက်နှင့်တောင်ဖက်တွင် ဘင်္ဂလား ပင်လယ်အော်နှင့် ကပ္ပလီပင်လယ်၊ အနောက်ဖက်တွင် အိန္ဒိယနိုင်ငံနှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ တည်ရှိပါသည်။ မြန်မာနိုင်ငံသည် အရှေ့လောင်ဂျီတွဒ် ၉၂° ၁၀' နှင့် ၁၀၁° ၁၁' ကြား၊ မြောက်လတ္တီတွဒ် ၉° ၃၂' နှင့် ၂၈° ၃၁' ကြားတွင် တည်ရှိပါသည်။

## ပထဝီအနေအထား

မြန်မာနိုင်ငံအား အုပ်ချုပ်မှုဆိုင်ရာအရ ပြည်နယ်နှင့်တိုင်း (၁၄)ခုခွဲခြားထားပြီး၊ ခရိုင်(၆၅)ခု၊ မြို့နယ် (၃၂၅)မြို့နယ်၊ မြို့နယ်ခွဲ (၅၉)ခု၊ ရပ်ကွက် (၂၇၅၉)ခု၊ ကျေးရွာအုပ်စု (၁၃၇၂၃)ခုနှင့် ကျေးရွာပေါင်း (၆၄၉၇၆)ရွာရှိပါသည်။ မြန်မာနိုင်ငံသည် နယ်မြေသဘာဝအနေအထားအရ အနောက်ရိုးမ၊ အလယ်ရိုးမနှင့် တနင်္သာရီကုန်းမြင့်ပိုင်းနှင့် တဆက်တည်းဖြစ်သော အရှေ့ဖက်ရှမ်းရိုးမဟူ၍ အပိုင်းကြီး (၃)ပိုင်း ပါဝင်ပါသည်။ ဧရာဝတီမြစ်၊ စစ်တောင်းမြစ်နှင့် သံလွင်မြစ်ကြီး (၃)ခုတို့သည် မြောက်မှတောင်သို့ သွယ်တန်းလျက်ရှိသော တောင်တန်းများနှင့်အပြိုင်တည်ရှိနေပါသည်။ မြန်မာနိုင်ငံသည် သဘာဝအရင်းအမြစ်များ ဖြစ်သော မြေနေရာများ၊ ရေအရင်းအမြစ်များ၊ သစ်တောသယံဇာတများ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေး၊ ရေနံ၊ တွင်းထွက်ပစ္စည်းနှင့် ရေထွက်သယံဇာတ အရင်းအမြစ်များ ပေါများကြွယ်ဝသော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ မြောက်ဖက်တောင်ကုန်းဒေသများတွင် ကြီးမားသောလျှိုမြောင်၊ ချိုင့်ဝှမ်း၊ တောင်ကုန်းကြီးများကြောင့် ဆက်သွယ်ရေးမှာ လွန်စွာခက်ခဲပါသည်။ တောင်ဖက်မြေပြန့်ဒေသများနှင့် မြစ်ဝကျွန်းပေါ်ဒေသများတွင် မြစ်ချောင်းများနှင့် မြစ်လက်တက် မြောက်များစွာတို့သည် ဖြတ်သန်းစီးဆင်းလျက်ရှိပါသည်။

## ရာသီဥတု

မြန်မာနိုင်ငံသည် အပူပိုင်းဒေသတစ်ခုဖြစ်ပြီး နွေ၊ မိုး၊ ဆောင်းဟူသော ဥတုသုံးပါးရှိပါသည်။ မိုးရာသီသည် အနောက်တောင်မုတ်သုန်နှင့်အတူ ကျရောက်လာပြီး၊ မေလလယ်မှအောက်တိုဘာလလယ်အထိ၊ ဆောင်းရာသီသည်အောက်တိုဘာလလယ်မှ ဖေဖော်ဝါရီလလယ်အထိဖြစ်ပြီး နွေရာသီမှာ ဖေဖော်ဝါရီလလယ်မှ မေလလယ်အထိ ဖြစ်ပါသည်။

၁၉၉၂ခုနှစ်မှ ၂၀၀၁ခုနှစ်အထိ (၁၀)နှစ်တာကာလအတွင်း ရခိုင်ကမ်းမြောင်ဒေသနှင့် တနင်္သာရီ ကမ်းမြောင်ဒေသများ၏ ပျမ်းမျှမိုးရေချိန်မှာ နှစ်စဉ် (၅၀၀၀) မီလီမီတာကျော် ရှိပါသည်။ ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသများတွင် မိုးရေချိန်မှာ(၃၀၀၀)မီလီမီတာခန့်ရှိပြီး၊ မြောက်ဖက်အကျဆုံး တောင်တန်းဒေသများတွင် မိုးရေချိန် (၂၅၀၀)မီလီမီတာခန့်နှင့်၊ အရှေ့ဖက်တောင်တန်းဒေသများတွင် (၁၄၀၀) မီလီမီတာခန့်ရှိပါသည်။ ရခိုင်ရိုးမတောင်တန်းများသည် မုတ်သုန်လေကို ကာရန်ထားသကဲ့သို့ ဖြစ်ခြင်းကြောင့် အပူပိုင်းဒေသများတွင် မိုးရေချိန်သည် (၆၀၀ မှ ၁၄၀၀) မီလီမီတာကြားတွင်သာ ရှိတတ်ပါသည်။ အပူပိုင်းဒေသများတွင် ပျမ်းမျှအပူချိန် ၂၀° စင်တီဂရိတ်နှင့် ၃၄° စင်တီဂရိတ်ကြားရှိပြီး မြစ်ဝကျွန်းပေါ် ဒေသများ၌ ၂၃°စင်တီဂရိတ်နှင့် ၃၂°စင်တီဂရိတ်ကြားတွင်ရှိပါသည်။ တောင်တန်းဒေသများတွင် ပျမ်းမျှအပူချိန်မှာ ၁၄°စင်တီဂရိတ်နှင့် ၂၉° စင်တီဂရိတ်ကြားရှိပြီး၊ ချင်းပြည်နယ်တွင်မူ ပျမ်းမျှအပူချိန် ၁၀° စင်တီဂရိတ်နှင့် ၂၃° စင်တီဂရိတ်ကြားထက်ပင် နည်းတတ်ပါသည်။

## လူဦးရေ

မြန်မာနိုင်ငံ၏ ခန့်မှန်းလူဦးရေမှာ ၂၀၀၅-၂၀၀၆ခုနှစ်တွင် (၅၅.၄၀)သန်း ဖြစ်ပြီး၊ နှစ်စဉ် လူဦးရေတိုးပွားနှုန်းမှာ ၂.၀၂ % ဖြစ်ပါသည်။ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းမှာ ကျေးလက်နေပြည်သူများ ဖြစ်၍ ကျန်လူဦးရေမှာ မြို့ပြနေပြည်သူများ ဖြစ်ကြပါသည်။ လူဦးရေ သိပ်သည်းမှုအရ ရန်ကုန်မြို့ နယ်နမိတ်အတွင်း လူနေသိပ်သည်းမှုမှာ (၁)စတုရန်းကီလိုမီတာတွင် လူ(၃၉၀)ဦးခန့်ရှိပြီး နိုင်ငံ၏ အနောက်ဖက်ပိုင်းကျသော ချင်းပြည်နယ်တွင် (၁)စတုရန်းကီလိုမီတာတွင် လူ(၁၀)ဦးခန့်သာ နေထိုင်ကြောင်း တွေ့ရှိရပါသည်။

### အသက်အုပ်စုအလိုက် ခန့်မှန်းလူဦးရေ
### (၁၉၈၀-၂၀၀၅)

| အသက်အုပ်စုအလိုက် လူဦးရေ (သန်းပေါင်း) | ၁၉၈၀-၈၁ | | ၁၉၉၀-၉၁ | | ၂၀၀၀-၀၁ | | ၂၀၀၂-၀၃ | | ၂၀၀၄-၀၅ | |
|---|---|---|---|---|---|---|---|---|---|---|
| | ခန့်မှန်း | % | ခန့်မှန်း | % | ခန့်မှန်း | % | ခန့်မှန်း | % | ခန့်မှန်း | % |
| ၀-၁၄ နှစ် | ၁၃.၀၃ | ၃၈.၇၇ | ၁၄.၇၀ | ၃၂.၆၈ | ၁၆.၄၃ | ၃၂.၇၇ | ၁၇.၀၅ | ၃၂.၆၈ | ၁၇.၇၂ | ၃၂.၆၃ |
| ၁၅-၅၉ နှစ် | ၁၈.၄၄ | ၅၄.၈၆ | ၂၃.၄၇ | ၅၉.၂၇ | ၂၉.၇၂ | ၅၉.၂၉ | ၃၀.၉၂ | ၅၉.၂၇ | ၃၂.၁၂ | ၅၉.၁၅ |
| ၆၀ နှစ်နှင့်အထက် | ၂.၁၄ | ၆.၃၇ | ၂.၆၁ | ၈.၀၅ | ၃.၉၈ | ၇.၉၄ | ၄.၂၀ | ၈.၀၅ | ၄.၄၆ | ၈.၂၂ |
| စုစုပေါင်း | ၃၃.၆၁ | ၁၀၀ | ၄၀.၇၈ | ၁၀၀ | ၅၀.၁၃ | ၁၀၀ | ၅၂.၁၇ | ၁၀၀ | ၅၄.၃၀ | ၁၀၀ |
| မ | ၁၆.၉၃ | ၅၀.၃၇ | ၂၀.၅၇ | ၅၀.၂၈ | ၂၅.၂၂ | ၅၀.၃၁ | ၂၆.၂၃ | ၅၀.၂၈ | ၂၇.၃၀ | ၅၀.၂၈ |
| ကျား | ၁၆.၆၈ | ၄၉.၆၃ | ၂၀.၂၁ | ၄၉.၇၂ | ၂၄.၉၁ | ၄၉.၆၉ | ၂၅.၉၄ | ၄၉.၇၂ | ၂၇.၀၀ | ၄၉.၇၂ |
| ကျား-မ အချိုး (ကျား /မ ၁၀၀) | ၉၈.၅၂ | | ၉၈.၂၅ | | ၉၈.၇၇ | | ၉၈.၈၉ | | ၉၈.၉၀ | |

**ဇစ်မြစ်** - စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

## လူမျိုးနှင့်ဘာသာ

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် တိုင်းရင်းသားလူမျိုးနွယ်စုပေါင်း (၁၃၅)မျိုးနေထိုင်လျက် ရှိပြီး ဘာသာစကားပေါင်း (၁၀၀)ကျော် သုံးစွဲပြောဆိုကြပါသည်။ အဓိကလူမျိုးစုများမှာ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း တို့ဖြစ်ကြပါသည်။ လူဦးရေ၏ ၈၉.၄ % မှာ ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြပြီး အများစုမှာ ဗမာ၊ ရှမ်း၊ မွန်၊ ရခိုင်နှင့် ကရင်လူမျိုး အချို့တို့ ဖြစ်ကြပါသည်။ ကျန်လူဦးရေများမှာ ခရစ်ယာန်၊ အစ္စလာမ်၊ ဟိန္ဒူဘာသာနှင့် နတ်ကိုးကွယ်သူတို့ ဖြစ်ကြပါသည်။



## စီးပွားရေး

မြန်မာနိုင်ငံသည် ကုန်းမြေဧရိယာ ကြီးမားကျယ်ပြန့်၍ သဘာဝသယံဇာတနှင့် လူ့စွမ်းအား အရင်းအမြစ်များ ပေါများကြွယ်ဝသော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ နိုင်ငံတော် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသည့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ဘက်စုံစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအဖြစ် သတ်မှတ်၍ ဦးစားပေး ဆောင်ရွက်လျက်ရှိပါသည်။

စီမံကိန်း စီးပွားရေးစနစ်မှ ဈေးကွက် စီးပွားရေးစနစ်သို့ ပြောင်းလဲကျင့်သုံးသည်နှင့်အညီ နိုင်ငံတော်အစိုးရ အနေဖြင့် စီးပွားရေးလုပ်ငန်းတိုင်းတွင် ပုဂ္ဂလိက ကဏ္ဍ၏ ပူးပေါင်းပါဝင်မှု ရရှိစေရန် အားပေး ဆောင်ရွက်ခဲ့ပါသည်။

နိုင်ငံတော်အစိုးရသည် စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း ၁၉၉၅ ခုနှစ်ကတည်းက အားပေးဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်မှုနှင့် ပံ့ပိုးကူညီမှုများကြောင့် နိုင်ငံတစ်ဝှမ်းတွင် ပျံ့နှံ့လျက်ရှိသော အသေးစားများနှင့် အလတ်စားစက်ရုံအလုပ်ရုံများကို စုစည်း၍ ပြည်နယ်/တိုင်း အလိုက် စက်မှုဇုန် (၁၉)ခု တည်ထောင်နိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံသည် (၂၀၀၁-၂၀၀၂) မှ (၂၀၀၅-၂၀၀၆)ခုနှစ် ငါးနှစ်ကာလတို စီးပွားရေး စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာတွင် စီမံကိန်း၏ ပထမ(၃)နှစ်တာ ကာလအတွင်း (၂)နှစ်ဆက်တိုက် ကုန်သွယ်မှု အမြတ်အစွန်းများရရှိခဲ့ပါသည်။










## လူမှုရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှု

လူမှုရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုနှင့် စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုများသည် အပြန်အလှန် ဆက်သွယ်လျက်ရှိပါသည်။ အထူးသဖြင့် ပညာရည်မြင့်မားရေးအတွက် ပြည်နယ်နှင့်တိုင်းများတွင် ကျောင်းများနှင့်တက္ကသိုလ်များကိုတိုးချဲ့ဖွင့်လှစ်ခဲ့ပါသည်။ စာတတ်မြောက်မှုနှုန်းနှင့် ကျောင်းဝင်ရောက်မှု နှုန်းများမှာ ၁၉၈၈ခုနှစ်တွင် ၇၉.၇% နှင့် ၆၇.၁၃% အသီးသီးရှိခဲ့ရာမှ ၂၀၀၅ ခုနှစ်တွင် ၉၄.၁% နှင့် ၉၇.၅၈% သို့ အသီးသီးတိုးတက်လာခဲ့ပါသည်။ ကျန်းမာရေးနှင့် ပညာရေးအသုံးစရိတ်များကိုလည်း တိုးချဲ့သုံးစွဲခဲ့သဖြင့် ကျန်းမာရေး၊ ပညာရေးနှင့် လူမှုရေးဝန်ဆောင်မှုလုပ်ငန်းများကို တစ်နိုင်ငံလုံးတွင် သာတူညီမျှ ရရှိစေခဲ့ပါသည်။

နယ်စပ်ဒေသများ အေးချမ်းသာယာခြင်းနှင့် တရားဥပဒေစိုးမိုးမှုရှိလာခြင်းသည် တစ်နိုင်ငံလုံး၏ လူမှုရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန် မြင့်စေခဲ့ပါသည်။ အထူးဖွံ့ဖြိုးရေးဒေသ (၂၄)ခုတွင် ကျန်းမာရေး၊ ပညာရေးအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို အခြားဖွံ့ဖြိုးမှုဆောင်ရွက်ချက်များနှင့် အတူ ဆောင်ရွက်ခဲ့ပါသည်။ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ လုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်နိုင်စေရေးအတွက် ယင်းဒေသများ၌ အချို့သောမြို့နှင့်ကျေးရွာများကို မြို့နယ်ခွဲအဆင့်သို့ တိုးမြှင့်ပေးခဲ့ပြီး အခြေခံအဆောက်အဦးများကိုပါ ဖြည့်တင်းပေးခဲ့ပါသည်။

### ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှု

(ကျပ်သန်းပေါင်း)

| ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု | ၁၉၉၆-၉၇ | ၁၉၉၇-၉၈ | ၁၉၉၈-၉၉ | ၁၉၉၉-၀၀ | ၂၀၀၀-၀၁ | ၂၀၀၁-၀၂ | ၂၀၀၁-၀၂* |
|---|---|---|---|---|---|---|---|
| သာမန် | ၇၉၁၉၈၀ .၀ | ၁၁၁၉၅၀၉.၂ | ၁၆၀၉၇၇၅.၆ | ၂၁၉၀၃၁၉.၇ | ၂၅၅၂၇၃၂.၅ | ၃၅၄၈၄၇၂.၂ | ၅၅၂၆၉၉၉.၉ |
| ၁၉၈၅-၈၆ ခုနှစ် ပုံသေ ထုတ်လုပ်သူ ဈေးနှုန်း | ၇၁၀၄၂.၄ | ၇၅၁၂၃.၁ | ၇၉၄၆၀.၂ | ၈၈၁၅၇.၀ | ၁၀၀၂၇၄.၈ | ၂၈၄၂၁၀၄.၄** | ၃၁၂၆၅၄၅.၈** |
| တိုးတက်မှု ရာခိုင်နှုန်း | ၆.၄ | ၅.၇ | ၅.၈ | ၁၀.၉ | ၁၃.၇ | | ၁၀.၀ |

**ဇစ်မြစ်** ဗဟိုစာရင်းအင်းအဖွဲ့ (CSO)၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
* ယာယီအမှန်
** ၂၀၀၀-၀၁ ပုံသေထုတ်လုပ်သူဈေးနှုန်း



